၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၈၈)
၁၃၅၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေတွင် –

(က) နိဒါန်း၊ ပုဒ်မ ၃၊ ပုဒ်မ ၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၇ ပုဒ်မ ၂၇ ပုဒ်မခွဲ (၃) နှင့် (၅)၊ ပုဒ်မ ၂၈ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၃၇ ပုဒ်မခွဲ (၄) တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၉ ပုဒ်မခွဲ (၂)ကို ပယ်ဖျက်၍ ပုဒ်မခွဲ (၁) ကို ပုဒ်မ ၁၉ အဖြစ် ပြင်ဆင်ရမည်။

(ဂ) ပုဒ်မ ၂ ပုဒ်ခွဲ (၁) ပုဒ်မခွဲငယ် ၂၁ ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည် –

> " ၂၁။ စာရင်းစစ်ဆိုသည်မှာ (၁) သမဝါယမဌာနအဆင့်ဆင့်၏ တာဝန်ရှိသော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့၊ (၂) ပြည်ထောင်စု မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးနှင့် ၎င်း၏ရုံးအဆင့်ဆင့်က တာဝန်သတ်မှတ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့နှင့် (၃) အစိုးရက အခါအားလျော်စွာ သမဝါယမအသင်းများအား စာရင်းစစ်ဆေးရန် တာဝန်သတ်မှတ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့များကို ဆိုလိုသည်"

(ဃ) အခန်း ၂ ၏ ခေါင်းစီးကို နုတ်ပယ်၍ "သမဝါယမအသင်းများ၏ လုပ်ငန်းသဘောနှင့် ဖွဲ့စည်းပုံသဘော" ဆိုသည့် ခေါင်းစီးဖြင့်အစားထိုးရမည်။

(င) ပုဒ်မ ၂၀ ပုဒ်မခွဲ (၂) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည် –

> "(၂) သမဝါယမအသင်းများသည် လုပ်ငန်းတစ်ခုခုအတွက် စရန်ငွေ၊ သို့မဟုတ် ကြိုတင်ထုတ်ပေးငွေများကို ရယူနိုင်သည်"

(စ) ပုဒ်မ ၄၄ ပုဒ်မခွဲ (၂) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် –

> " (၂) သမဝါယမအသင်းတစ်ခုသည် ပုဒ်မ ၄ တွင် ဖော်ပြသော လုပ်ငန်းသဘောများကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်း"